**ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) ဖွဲ့စည်းတည်ထောင်ခြင်း(၁)နှစ်ပြည့်အခမ်းအနားသို့**
**ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) မှ ပေးပို့သောသဝဏ်လွှာ**

၂၀၂၂ ခုနှစ် ၊ ဧပြီလ (၁၇)ရက်နေ့။

၁။ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) သည် မြန်မာနိုင်ငံအဖိနှိပ်ခံပြည်သူတစ်ရပ်လုံး လွတ်မြောက်ရေး၊ လူမျိုးကြီးဝါဒချုပ်ငြိမ်းရေးနှင့် တရားမျှတရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်တို့အပြင် အမျိုးသားတန်းတူရေးကို အာမခံချက်ပေးသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ပြည်ထောင်စု အဖွဲ့ဝင် ဗမာပြည်နယ် ပေါ်ပေါက်ရေးတို့အတွက် တိုက်ပွဲဝင်နေသော ခေတ်သစ်ဗမာ့တော်လှန်ရေးတပ်ဖွဲ့ဖြစ်ပါသည်။

၂။ တိကျခိုင်မာသောမူဝါဒနှင့် စနစ်ကျသောတပ်ဖွဲ့ဖွဲ့စည်းမှုအပြင်၊ ခိုင်မာအားကောင်းသော မဟာမိတ် ချိတ်ဆက်မှုများနှင့် ထိရောက်အောင်မြင်သော တိုက်ခိုက်ရေးတို့ကို ဖော်ဆောင်နိုင်သော ဗမာပြည်သူ့ လွတ်မြောက်ရေးတပ်တော် (BPLA) ကိုဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ယနေ့ ဧပြီလ (၁၇) ရက်နေ့တွင် ကျရောက်သော မြန်မာ့နှစ်ဆန်း တစ်ရက်နေ့တွင် (၁) တစ်နှစ်တင်းတင်းပြည့်ပြီးဖြစ်သည်။ KNDF သည် ဗမာပြည်သူ့လွတ်မြောက်ရေး တပ်တော် (BPLA)၏ နိုင်ငံရေးရည်မှန်းချက်များနှင့် မူဝါဒများကို ထောက်ခံအားပေးပြီး BPLA နှင့်အတူ မြန်မာပြည်သူတစ်ရပ်လုံးလွတ်မြောက်ရေးအတွက် လက်တွဲ လုပ်ဆောင်နိုင်မည်ဟု တထစ်ချယုံကြည်ပါသည်။

၃။ KNDF အနေဖြင့် ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) သည် ဘဝတူ ဗမာတော်လှန်ရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသားအင်အားစုများနှင့်အတူတကွ မြန်မာနိုင်ငံ စစ်အာဏာရှင်စနစ်မှ လွတ်မြောက်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့တွင် ဆထက်တပိုး ပါဝင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)